Burmese

မူကြိုကျောင်း

Public education
**Discover a world of opportunities**

# စာဖတ်ခြင်း - အိမ်တွင် လေ့လာသင်ယူခြင်း

## သင့်ကလေးနှင့်အတူ စာဖတ်ခြင်းသည် အရေးကြီးပါသည်။

သင့်ကလေးနှင့်အတူ နေ့စဉ် စာဖတ်ခြင်းသည် စာအုပ်များနှင့်စာဖတ်ခြင်းအား ချစ်ခင်မှုကို အားပေးရာရောက်သည်။ သင့်ကလေးအား စာအုပ်များကို ပုံမှန် ကြည့်ရှုရန် တိုက်တွန်းပေးပြီး မိသားစုနှင့် မိတ်ဆွေများအား သင့်ကလေးနှင့်အတူ စာဖတ်ရန် တတ်နိုင်သမျှ လုပ်ပေးပါ။ အတူတကွ အချိန်ဖြုန်းသည့် ပျော်ရွှင်မှုအတွက် သင့်ကလေးနှင့်အတူ စာဖတ်ရန်ကြိုးစားပါ – ၎င်းသည် တစ်နေ့တာ အချိန်ကို ဖြုန်းရန် အလွန်ကောင်းသည့် နည်းလမ်း တစ်ခုဖြစ်သည်။

> သင့်ကလေးအား သူတို့စာဖတ်ရန် သင်ယူနေစဉ် အမြောက်အမြား ချီးမွမ်းပေးရန် အမှန်တကယ် အရေးကြီးပါသည်။

### စာဖတ်ရန်အတွက် စိတ်ကိုသွင်းယူပါ

အိမ်တွင် စာဖတ်ရန် ပျော်ရွှင်တတ်သည့် ကလေးများသည် ကျောင်းတွင် စာဖတ်ရန် သူတို့ သင်ယူသည့်အခါ အောင်မြင်ရန် ပိုမိုအလားအလာ ရှိသည်။ အထူးစာဖတ်မည့်အချိန်နှင့် သင်နှင့်သင့်ကလေး အေးဆေးပြီး သက်သောင့်သက်သာဖြစ်မည့်နေရာကို ကြိုးစားသတ်မှတ်ထားပါ။

> ဖတ်စရာအရာများ အမြောက်အမြား ရှိပါသည်၊ သံစုံတေးသီချင်းများ၊ ပုံပြောစာအုပ်များ၊ တကယ့်အဖြစ်အပျက်စာအုပ်များ၊ ဒိုင်နိဆောနှင့် အိမ်မွေးတိရစ္ဆာန်အကြောင်းစာအုပ်များ၊ သင်တို့ အတူတူရေးသည့် စာအုပ်များ၊ ပျော်စရာကောင်းသည့် ပုံပြင်များနှင့်ကဗျာများ၊ ရယ်စရာစာအုပ်များ၊ ဝက်ဘ်ဆိုက်နှင့် စီဒီထဲထည့်ထားသည့်စာအုပ်များ၊ ကာတွန်းစာအုပ်များ၊ သတင်းစာများ၊ ကက်သလောက်နှင့်မဂ္ဂဇင်းများ၊ ချက်နည်းပြုတ်နည်းစာအုပ်များ၊ လမ်းပြမြေပုံများနှင့် အဘိဓာန်များ တို့အပါအဝင်ဖြစ်ကြပါသည်။

> စတင်၍ ဖတ်ရှုရန်အတွက် အကောင်းဆုံး ဖတ်ရမည့်စာအုပ်များ - **Lynley Dodd** ရေးသားသည့် ***Hairy Maclary and Friends*** စာအုပ်၊ **Mem Fox** ရေးသားသည့် ***Koala Lou*** စာအုပ်၊ **John Burningham** ရေးသားသည့် ***Mr Gumpy's outing*** စာအုပ်၊ **Michael Rosen** ရေးသားသည့် ***We're going on a bear hunt*** စာအုပ်၊ **Deborah Niland** ရေးသားသည့် ***Annie's chair*** စာအုပ်တို့ဖြစ်သည်။

### သင့် ဒေသ စာကြည့်တိုက်ကို သုံးပါ

စာကြည့်တိုက်များသည် ငယ်ရွယ်သော စာဖတ်သူများအတွက် CDs, DVDs, မဂ္ဂဇင်းများနှင့် ကာတွန်းစာအုပ်များ မျိုးစုံဖြင့် စုစည်းထားသည့် ရတနာအိုး တစ်ခုဖြစ်ပါသည်။ သင့် ဒေသ စာကြည့်တိုက်သို့ သွားရောက်ခြင်းသည် အောက်ပါတို့လုပ်ရန် ကြီးမားသော နည်းလမ်းတစ်ခု ဖြစ်သည်-

- စာအုပ်များမှာ မည်မျှအရေးကြီးကြောင်း သင့်ကလေးကို ပြောရန်
- ပုံမှန်စာဖတ်သည့် လုပ်ရပ်များတွင် မိသားစု တစ်ခုလုံးကို ပါဝင်လုပ်စေရန်
- သင့်ကလေး အကြိုက်နှစ်သက်ဆုံး စာရေးဆရာများနှင့် ပုံဆွဲသရုပ်ပြဆရာများကို ရှာကြည့်ရန်
- အိမ်တွင် မရရှိနိုင်ကောင်းသော အထောက်အကူပြုပစ္စည်းများကို သုံးရန်၊ ကွန်ပျူတာ ကဲ့သို့ဖြစ်သည်
- ပိတ်ရက် လုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ရန် တို့ဖြစ်သည်။

Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချုပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY